Australian Government
Department of Human Services

# ဩစတြေးလျနိုင်ငံ ပြင်ပသို့သင် ခရီးထွက်မည်လား

## ဩစတြေးလျနိုင်ငံ ပြင်ပတွင် ရောက်ရှိနေစဉ် ပေးငွေများ

ဩစတြေးလျနိုင်ငံ ပြင်ပတွင် ရောက်ရှိနေစဉ် သင့် ပေးငွေများ သို့မဟုတ် လျှော့ပေါ့ခွင့်ပြုသော အခကတ်ပြားကို ရရှိရန်အတွက် ပေးငွေ သို့မဟုတ် လျှော့ပေါ့ခွင့်ပြုသော အခ ကတ်ပြား တစ်ခုစီအတွက် အရည်အချင်းပြည့်မီ အကျုံးဝင်မှု လိုအပ်ချက်များကို သင် ဆက်လက် ပြည့်မီရန် လိုအပ်သည်။

သင့် ပေးငွေများ သို့မဟုတ် လျှော့ပေါ့ခွင့်ပြုသော အခ ကတ်ပြား ပေါ်တွင် မူတည်လျက် ဩစတြေးလျနိုင်ငံ ပြင်ပတွင် ခရီးထွက်ခြင်းသည် သင့်အပေါ် သက်ရောက်ထိခိုက်ပုံနှင့် ပတ်သက်၍ စည်းမျဉ်း အမျိုးမျိုးရှိသည်။ သင် ဩစတြေးလျနိုင်ငံမှ ထွက်ခွာသောအခါ သင့် ပေးငွေများ သို့မဟုတ် လျှော့ပေါ့ခွင့်ပြုသော အခ ကတ်ပြားများသည် ပြောင်းလဲကောင်း ပြောင်းလဲနိုင်သည် သို့မဟုတ် ဤ စည်းမျဉ်းများပေါ်တွင် အခြေခံ၍ ရပ်တန့်ကောင်းပင် ရပ်တန့်နိုင်သည်။ သင် ပင်လယ်ရပ်ခြား ခရီးသွားစဉ် ပေးငွေများ သို့မဟုတ် လျှော့ပေါ့ခွင့်ပြုသော အခ ကတ်ပြားများနှင့် ပတ်သက်သည့် နောက်အကျဆုံးဖြစ်သည့် သတင်းအချက်အလက်များအတွက် **humanservices.gov.au/paymentsoverseas** ၌ ကြည့်ပါ။

သင် ခရီးမထွက်မီ ဝက်ဘ်ဆိုက်ကို စစ်ဆေးကြည့်ရှုပါ သို့မဟုတ် သင်၏ သီးခြားဖြစ်သော အခြေအနေများနှင့် ပတ်သက်ပြီး မြန်မာဘာသာစကားဖြင့် တစ်စုံတစ်ယောက်နှင့် စကားပြောဆိုရန် **131 202** ဖြင့် ကျွန်ုပ်တို့ကို ဖုန်းဆက်ပါ။

### သင်၏ အခြေအနေများ ပြောင်းလဲမှုများနှင့် ပတ်သက်၍ ကျွန်ုပ်တို့ကို ပြောပြပါ။

သင် ပင်လယ်ရပ်ခြားတွင် ရှိနေစဉ် ပုံမှန်အားဖြင့် ပေးငွေများ သို့မဟုတ် လျှော့ပေါ့ခွင့်ပြုသော အခ ကတ်ပြားအပေါ် သက်ရောက် ထိခိုက်မည့် သင်၏ အခြေအနေများတွင် မည်သည့် ပြောင်းလဲမှုမဆိုကို အကယ်၍ သင် ဩစတြေးလျ၌သာ ရှိခဲ့လျှင်ကဲ့သို့ပင် ကျွန်ုပ်တို့အား ပြောပြရန် အရေးကြီးသည်။ ဥပမာအားဖြင့် သင်၏ တော်စပ်ပုံ အခြေအနေ ပြောင်းလဲမှုများရှိသလားဆိုသည်ကို ကျွန်ုပ်တို့အား ပြောပြရန် လိုအပ်သည်။

### သင့် ခရီးစဉ်အကြောင်း ကျွန်ုပ်တို့အား ပြောပြရန် နည်းလမ်း

သင်၏ ခရီးစဉ် အစီအစဉ်များအကြောင်း ကျွန်ုပ်တို့အား ပြောပြရန်အလွယ်ဆုံး နည်းလမ်းမှာ myGov မှတစ်ဆင့် သင်၏ Centrelink အွန်လိုင်းအကောင့်ကို အသုံးပြုရန်ဖြစ်သည်။ သင်၏ ပင်လယ်ရပ်ခြားခရီးစဉ် အသေးစိတ် အချက်အလက်များကို အွန်လိုင်းတွင် သင် အချိန်မရွေး ထပ်ထည့်နိုင်သည်၊ ကြည့်ရှုနိုင်သည်၊ နောက်ဆုံးအခြေအနေ အတိုင်း တည်းဖြတ်နိုင်ပြီး ဖယ်ရှားနိုင်သည်။

သင်၏ ခရီးစဉ် အစီအစဉ်များအကြောင်း ကျွန်ုပ်တို့အား အလွယ်တကူ ပြောပြရန်နှင့် သင် ခရီးသွားနေစဉ် သင့် စာများနှင့် အခြား ဝန်ဆောင်မှုများကို အွန်လိုင်းတွင် ရယူအသုံးပြုနိုင်စေရန် သင် ဩစတြေးလျနိုင်ငံမှ မထွက်ခွာမီ myGov မှတစ်ဆင့် Centrelink အွန်လိုင်းအကောင့်တစ်ခုဖွင့်ရန်အတွက် မှတ်ပုံတင်ပါ။

သင် ဩစတြေးလျနိုင်ငံမှ ထွက်ခွာသောအခါ ဩစတြေးလျလူဝင်မှု ကြီးကြပ်ရေး ဌာနသည်လည်း ကျွန်ုပ်တို့အား အသိပေးလိမ့်မည်။

အကယ်၍ သင့်တွင် myGov အကောင့်တစ်ခုရှိပြီးသား မဟုတ်လျှင် **my.gov.au** တွင် myGov အကောင့်တစ်ခု ဖွင့်ပြီး 'Services'ကို ရွေးပြီးနောက် Centrelink ဘေးဘက်ရှိ link icon (အိုက်ကွန်)ကို ရွေးချယ်ခြင်းအားဖြင့် သင်၏ myGov

အကောင့်ကို Centrelink နှင့် ချိတ်ဆက်ပါ။ သင်၏ myGov အကောင့်နှင့် ကိုက်ညီသော မှတ်တမ်းကို ကျွန်ုပ်တို့ ချိတ်ဆက်ပေးနိုင်ရန် သင့်အနေဖြင့် မေးခွန်းအချို့ကို ဖြေဆိုရန် လိုအပ်ကောင်း လိုအပ်လိမ့်မည်။

သင်၏ မိုဘိုင်းဖုန်းနံပါတ်ကို myGovတွင် မှတ်ပုံတင်ရန် သင် ရွေးချယ်သောအခါ ပင်လယ်ရပ်ခြားတွင် ရှိနေစဉ် ဤနံပါတ်မှ စာတိုများ သင် လက်ခံ ရရှိနိုင်သည်မှာ သေချာပါစေ။

## ဩစတြေးလျနိုင်ငံ ပြင်ပတွင် ရှိနေစဉ် Medicare ကို ရယူအသုံးပြုခြင်း

ပင်လယ်ရပ်ခြားတွင် ရှိနေစဉ် သင်သည် Medicare ဝန်ဆောင်မှုများကို ရယူအသုံးပြုနိုင်လိမ့်မည် မဟုတ်ပေ။ သင် နာမကျန်းဖြစ်ပါက သင်၏ ဆေးကုသမှုများအားလုံးအတွက် သင်က ပေးချေရန် လိုအပ်ကောင်းလိုအပ်နိုင်သည်။ အကယ်၍သင် သွားရောက်မည့်နိုင်ငံနှင့် Reciprocal Health Care Agreement သဘောတူညီချက်ရှိလျှင် အချို့သော အရာများအတွက် သင် ပေးချေရန် လိုအပ်ကောင်း လိုအပ်မည် မဟုတ်ပေ။ နိုင်ငံအချို့တွင် ခရီးသွားကြသော ဩစတြေးလျတွင် နေထိုင်သူများအတွက် မရှိမဖြစ်လိုအပ်သော ဆေးကုသမှု ကုန်ကျစရိတ်ကို ထိုသဘောတူညီချက်အရ ကျခံပေးပြီးငွေကို ပင်လယ်ရပ်ခြား ခရီးသွားခြင်းအတွက် ပုဂ္ဂလိက ခရီးသွား ကျန်းမာရေး အာမခံကို အစားထိုးရန်အတွက် ပုံစံထုတ် စီမံထားခြင်း မဟုတ်ပေ။

သဘောတူညီချက် ရှိသည့် နိုင်ငံတစ်ခုသို့ သင် သွားရောက်မည်ဆိုပါက သင်၏ လက်ရှိ Medicare ကတ်ကို တပါတည်း ယူဆောင်သွားပါ။ ထိုသို့အားဖြင့် သင် ဆေးကုသမှုလိုအပ်လျှင် ၎င်းက လုပ်ငန်းစဉ်ကို ပိုမို လွယ်ကူစေနိုင်သည်။

သင် ခရီးသွားရောက်မည့် နိုင်ငံနှင့် ဩစတြေးလျတွင် သဘောတူညီမှုတစ်ခု ရှိသလားဆိုသည့် အချက်အပါအဝင် Reciprocal Health Care Agreements နှင့် ပတ်သက်၍ ပိုမိုသိရှိလိုပါက **humanservices.gov.au/rhca** ၌ကြည့်ပါ။

### သင့် ဆေးဝါးများကို ပင်လယ်ရပ်ခြားသို့ ယူဆောင်သွားခြင်း သို့မဟုတ် ပို့ခြင်း

သင့်တစ်ကိုယ်ရည် အသုံးပြုရန် သို့မဟုတ် သင်နှင့်အတူ ခရီးသွားမည့် တစ်စုံတစ်ယောက်သောသူ အသုံးပြုရန် အတွက် မဟုတ်သည့် Pharmaceutical Benefits Scheme ဆေးဝါးများကို ဩစတြေးလျနိုင်ငံ ပြင်ပသို့ ယူဆောင်သွားခြင်း သို့မဟုတ် ပို့ခြင်းသည် တရားဥပဒေနှင့် ဆန့်ကျင်သည်။

Medicare အပါအဝင် ပင်လယ်ရပ်ခြား ခရီးသွားစဉ် ကျွန်ုပ်တို့၏ ပေးငွေများနှင့် ဝန်ဆောင်မှုများနှင့် ပတ်သက်သည့် နောက်အကျဆုံးဖြစ်သော သတင်းအချက်အလက်များကို **humanservices.gov.au/australiansoverseas** တွင် သင် ရှာဖွေတွေ့ရှိပါလိမ့်မည်။

သင် ခရီးမထွက်မီ ဝက်ဘ်ဆိုက်ကို စစ်ဆေးကြည့်ရှုပါ သို့မဟုတ် Medicare နှင့် ဆေးဝါးများကို ပင်လယ်ရပ်ခြားသို့ ယူဆောင်သွားခြင်းနှင့်ပတ်သက်၍ မြန်မာဘာသာစကားဖြင့် ကျွန်ုပ်တို့နှင့် စကားပြောဆိုရန် **131 450** (TIS National) ကို ဖုန်းဆက်ပါ။

### ပိုမိုသိရှိလိုပါက

- မြန်မာဘာသာစကားဖြင့် အချက်အလက်များကို သင် ဖတ်ရှုနိုင်သည့်၊ နားထောင်နိုင်သည့် သို့မဟုတ် ဗီဒီယိုများကို ကြည့်ရှုနိုင်သည့် **humanservices.gov.au/yourlanguage** တွင် ကြည့်ပါ။
- Centrelink ပေးငွေများနှင့် ဝန်ဆောင်မှုများနှင့် ပတ်သက်၍ မြန်မာဘာသာစကားဖြင့် ကျွန်ုပ်တို့နှင့် စကားပြောဆိုရန် **131 202** ကို ဖုန်းဆက်ပါ။

- Medicare နှင့် Child Support ပေးငွေများနှင့် ဝန်ဆောင်မှုများနှင့် ပတ်သက်၍ မြန်မာဘာသာစကားဖြင့် ကျွန်ုပ်တို့နှင့် စကားပြောဆိုရန် **131 450** (TIS National) ကို ဖုန်းဆက်ပါ။
- ဝန်ဆောင်မှု ဌာနတစ်ခုကို သွားပါ။

**မှတ်ချက်၊** သင့် အိမ်ဖုန်းမှသြစတြေးလျနိုင်ငံ မည်သည့်နေရာတွင်မဆိုရှိသည့် 13 နံပါတ်တစ်ခုသို့ ခေါ်ဆိုမှု ကုန်ကျစရိတ်သည် ဒေသတွင်း ခေါ်ဆိုခနှင့် အတူတူပင်ဖြစ်သည်။ ကျသင့်ငွေတောင်းခံမှုများသည် တယ်လီဖုန်း ဝန်ဆောင်မှု ပေးအပ်သည့် ကုမ္ပဏီအပေါ်တွင် မူတည်၍ ပြောင်းလဲနိုင်ပြီး မိုဘိုင်းဖုန်းများသည် ပိုပြီး ဈေးကြီးနိုင်ဖွယ်ရှိသည်။

**မသက်ဆိုင်ကြောင်း ရှင်းလင်းချက်**

ဤအချက်အလက်စာလွှာပါ သတင်းအချက်အလက်များသည် April 2016 အထိ တိကျမှန်ကန်သည်။

Australian Government
Department of Human Services

# Are you travelling outside Australia?

## Payments while outside Australia

To get your payments or concession card while outside Australia, you must continue to meet the eligibility requirements for each payment or concession card.

Depending on your payments or concession card, there are different rules on how travelling outside Australia may affect you. When you leave Australia, your payments or concession cards may change or even stop based on these rules. For the most up-to-date information about payments and concession cards while you are overseas visit **humanservices.gov.au/paymentsoverseas**

Check the website before you travel or call us on **131 202** to speak to someone in your language about your specific circumstances.

## Tell us about changes to your circumstances

It is important that you advise us of any change to your circumstances that would normally affect your payments or concession card while you are overseas, as you would if you were in Australia. For example, you need to tell us if there are changes to your relationship status.

## How to tell us about your travel

The easiest way to tell us about your travel plans is to use your Centrelink online account through myGov. You can add, view, update and remove your overseas travel details online at any time.

Register for a Centrelink online account through myGov before you leave Australia so you can easily tell us about your travel plans and access your letters and other services online while you are away.

Australia's immigration department will also advise us when you leave Australia.

If you don't have a myGov account already, create a myGov account at **my.gov.au** and link Centrelink to your myGov account by selecting 'Services' and then the link icon next to Centrelink. You may need to answer some questions so we link the correct record to your myGov account.

If you choose to register your mobile number with myGov, make sure you can receive messages from this number while overseas.

## Accessing Medicare while outside Australia

You will not be able to access Medicare services while overseas. If you get sick, you may have to pay for all your medical treatment. If there is a Reciprocal Health Care Agreement in place with the country you're going to, you might not have to pay for some things. These agreements cover the cost of essential medical treatment for Australian residents travelling in some countries, and are not designed to replace private travel health insurance for overseas travel.

If you are going to a country with an agreement, take your current Medicare card with you. Then, if you need medical treatment, it can make the process easier.

For more information about Reciprocal Health Care Agreements, including if Australia has one with the country you are travelling to, visit **humanservices.gov.au/rhca**

## Taking or sending your medicines overseas

It is illegal to take or send Pharmaceutical Benefits Scheme medicines out of Australia that are not either for your personal use or the use of someone travelling with you.

You will find the most up-to-date information about our payments and services while overseas, including Medicare, on **humanservices.gov.au/australiansoverseas**

Check the website before you travel or call **131 450** (TIS National) to speak to us in your language about Medicare and taking medicines overseas.

## For more information:

- go to **humanservices.gov.au/yourlanguage** where you can read about, listen to or watch videos with information in your language
- call **131 202** to speak to us in your language about Centrelink payments and services
- call **131 450** (TIS National) to speak with us in your language about Medicare and Child Support payments and services
- visit a service centre.

**Note:** call costs from your home phone to a 13 number from anywhere in Australia are the cost of a local call. Charges may vary depending on the telephone service provider, and mobiles may incur a higher charge.

## Disclaimer

Information in this factsheet is accurate as at April 2016.